မြို့နယ်စည်ပင်သာယာရေးအဖွဲ့
စာအမှတ်……
ရက်စွဲ……
အုတ်ဖိုမြို့

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**အုတ်ဖိုမြို့**

**လိုင်စင်ကြော်ငြာစာအမှတ် ( ၁ / ၂၀၂၅)**

**၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် (၁-၄-၂၀၂၆ ) မှ (၃၁-၃-၂၀၂၇)**

**သားသတ်အခွင့်အရေးလိုင်စင်များရောင်းချသည့်ကြော်ငြာစာ**

**၁၃၈၇ ခုနှစ် ပြာသိုလဆန်း ၃ ရက်**

**၂၀၂၅ ခုနှစ် ဒီဇင်ဘာ လ ၂၁ ရက်**

၁။ အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပူးတွဲဖော်ပြပါ အရပ်ရပ်အခွင့်အရေးလိုင်စင်များအား ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် (၁-၄-၂၀၂၆ ) မှ (၃၁-၃-၂၀၂၇)ကာလအပိုင်းအခြားအတွက် မြို့ဝင်ကြေး ဘီးကောက်လိုင်စင်နှင့် သားသတ်အခွင့်အရေးလိုင်စင် များမှအပ အပေါင်ဆိုင်အခွင့်အရေးလိုင်စင်များကို သက်တမ်းတိုး စနစ်ဖြင့် လည်းကောင်း ကျန်အခွင့်အရေးလိုင်စင်များဖြစ်သော စက်ဘီးကောက်လိုင်စင်၊ ရေလောင်း အိမ်သာလိုင်စင်၊ နွားပွဲဈေးလိုင်စင်၊ ဈေးကောက်လိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ အောက်ဖော်ပြပါ နေ့ရက်များတွင် လေလံတင်ရောင်းချသွားမည် ဖြစ်ပါကြောင်းအသိပေးကြေငြာ အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ၁၃-၁-၂၀၂၆ | အင်္ဂါနေ့ | (ပထမအကြိမ်) |
| (ခ) | ၂၁-၁-၂၀၂၆ | ဗုဒ္ဓဟူးနေ့ | (ဒုတိယအကြိမ်) |
| (ဂ) | ၂၈-၁-၂၀၂၆ | ဗုဒ္ဓဟူးနေ့ | (တတိယအကြိမ်) |
| (ဃ) | ၄-၂-၂၀၂၆ | ဗုဒ္ဓဟူးနေ့ | (ချိတ်ပိတ်တင်ဒါ) |
| (င) | ၁၁-၂-၂၀၂၆ | ဗုဒ္ဓဟူးနေ့ | (အခြားနည်း) |

၂။ လိုင်စင်ယှဉ်ပြိုင်ဆွဲဝယ်လို သူများအနေဖြင့် လိုင်စင်လျှောက်လွှာနှင့်အတူလိုက်နာရမည့်စည်းကမ်းများအား အဖွဲ့ရုံးတွင် ဝယ်ယူရရှိနိုင်ပြီး အထက်ပါနေ့ရက်များတွင် လျှောက်လွှာ နှင့် အတူ အောက်ပါဖော်ပြပါ အထောက်အထား စာရွက်စာတမ်းများ ပြည့်စုံစွာ ပူးတွဲလျှောက်ထားရမည်-

**(နောက်ကျတင်သွင်းလာသည့်လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ)**

(က) နိုင်ငံသားစိစစ်ရေးကဒ် မိတ္တူ

(ခ) လဝက အိမ်ထောင်စုစာရင်းပုံစံ ၆၆/၆ မိတ္တူ

(ဂ) လိုင်စင်ဆွဲဝယ်သူများသည် လိုင်စင်တစ်ခုချင်းစီ၏ သတ်မှတ်ကြမ်းခင်းဈေးတစ်ဝက်ကို အုတ်ဖိုမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် မိမိအမည်ဖြင့်စာရင်းရှင်အပ်ငွေ ဖွင့်လှစ်၍ အမှုဆောင်အရာရှိရာထူး အမည်ဖြင့် ရေးသားထားသောငွေထုတ်ယူခွင့်အမိန့်(POP)နှင့်ပူးတွဲတင်ပြရမည်။

(ဃ) ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆွဲဝယ်ဆောင်ရွက်လျက်ရှိသော လိုင်စင်စီးပွားမဟုတ်ပါက ဆွဲဝယ်လုပ်ကိုင်ဆောင်ရွက်မည့် မြို့နယ်အတွင်းအနည်းဆုံး (၁)နှစ် နေထိုင်သူဖြစ်ရမည်။ ထိုသို့နေထိုင်သူဖြစ်ကြောင်း အိမ်ထောင်စု

စာရင်း (လ.ဝ.က) ပုံစံ (၆၆/၆) တင်ပြနိုင်ရမည်။

(င) လိုင်စင်ဆွဲဝယ်သူများသည် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးရုံး၏ အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်၊ ပဲခူးတိုင်းဒေသကြီးအတွင်း အခြားမြို့နယ်မှ လာရောက် လိုင်စင်ဆွဲဝယ်မည့်သူနှင့် တိုင်းဒေသကြီး ပြင်ပမှ လာရောက် လိုင်စင်ဆွဲဝယ်သူဖြစ်ပါကသက်ဆိုင်ရာမြို့နယ်တွင်အခွန်ကင်းရှင်းကြောင်းနှင့် ၎င်း၏မရွှေ့မပြောင်းနိုင်သောအာမခံပစ္စည်းအထောက်အထားနှင့် ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တန်ဘိုးစီစစ်ရေးအဖွဲ့၏စီစစ်တင်ပြမှုအပေါ်အမှုဆောင်အရာရှိ၏ထောက်ခံချက်ဖြင့်ပူးတွဲတင်ပြရမည်။

(စ) လိုင်စင်ကြမ်းခင်း ဈေးတန်ဘိုးထက် လျော့နည်းခြင်းမရှိသည့်လျှောက်ထားသူအမည်ပေါက် မရွှေ့မပြောင်းနိုင်သောပစ္စည်း (အဆောက်အဦး၊အိမ်၊မြေ)နှင့် ယင်းနေအိမ်၏ လေးဘက်မြင်ဓာတ်ပုံ (၄)ပုံ သို့မဟုတ် ငွေစုစာအုပ်(မြန်မာ့စီးပွားရေးဘဏ်) တင်ပြရမည်။ (Special Power) လွှဲပြောင်းတင်ပြခြင်းကို လက်ခံမည် မဟုတ်။

(ဆ) လိုင်စင်ဆွဲဝယ်သူသည် မိမိနေထိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ စိစစ်ထောက်ခံချက်ပါရှိရမည်။

(ဇ) အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက် တင်ပြရမည်။

(ဈ) ပဲခူးတိုင်းဒေသကြီး အတွင်းဖြစ်ပါက ဆွဲဝယ်သည့် လိုင်စင် တန်ဘိုး၏(၅ပုံ၁ပုံ)ကိုလိုင်စင်ရရှိသည်နှင့်တစ်ပြိုင်တည်း ပေးသွင်းရမည်ဖြစ်ပြီးကျန်ငွေကို (၈)ရစ်ခွဲ၍ ပေးသွင်းရမည်။

(ည) ပဲခူးတိုင်းဒေသကြီး ပြင်ပမှဖြစ်ပါက လိုင်စင်တန်ဘိုး၏ (၅၀%)အားလိုင်စင် ရရှိသည်နှင့် တစ်ပြိုင်တည်း ပေးသွင်းရမည်ဖြစ်ပြီး ကျန်ငွေကို(၄) ရစ်ခွဲ၍ ပေးသွင်းရမည်။ အရစ်ကျ လိုင်စင်ကြေး ငွေပေးသွင်းရန် နောက်ကျပါက အခြားအခွင့်အရေးလိုင်စင်များနည်းတူနောက်ကျဒဏ်ကြေးပေးဆောင်ရမည်။ လိုင်စင်ကြေးအနည်းဆုံးကျပ်သိန်း(၂၀)အောက်ဖြစ်ပါကအကြေပေးသွင်းရမည်။

(ဋ) လိုင်စင်တစ်ခုချင်းစီအတွက် လုပ်ငန်းလုပ်ဆောင်ခွင့် အာမခံအပြည့်လိုအပ်သော အထောက်အထားများ တင်သွင်းရာတွင် သက်ဆိုင်ရာ ကြမ်းခင်းဈေး တန်ဘိုးထက် လျော့နည်းခြင်း မရှိသည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း (အဆောက်အအုံ၊အိမ်၊မြေ ဂရံမူရင်း)စာရွက်စာတမ်းများကို လုံလောက်သော

မိတ္တူကို

ညွှန်ကြားရေးမှူး၊ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ပဲခူးမြို့။
ဥက္ကဋ္ဌ၊ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊သာယာဝတီမြို့။
ဥက္ကဋ္ဌ၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊အုတ်ဖိုမြို့။
ဥက္ကဋ္ဌ၊မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့်အဖွဲ့ဝင်များအားလုံး၊အုတ်ဖိုမြို့။
ကြော်ငြာဖိုင်
ရုံးလက်ခံ/မျှောစာတွဲ

အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် (၁-၄-၂၀၂၆) မှ (၃၁-၃-၂၀၂၇) ထိ

ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့်အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး | စားပွဲတင်အာမခံငွေ |
|---|---|---|---|
| | **ဈေးကောက်လိုင်စင်များ** | | |
| ၁ | အုတ်ဖိုမြို့မဈေးကောက် | ၂၀၃၅၀၀၀၀ | ၁၀၁၇၅၀၀၀ |
| ၂ | အိုးသည်ကုန်းဈေးကောက် | ၄၅၆၅၀၀၀ | ၂၂၈၂၅၀၀ |
| ၃ | ဂုံညင်းတန်းနွားပွဲဈေးကောက် | ၁၃၂၀၀၀၀ | ၆၆၀၀၀၀ |
| | **အခြားလိုင်စင်များ** | | |
| ၁ | ဂုံညင်းတန်းနွားပွဲဈေး | ၉၀၂၀၀၀၀ | ၄၅၁၀၀၀၀ |
| ၂ | ဂုံညင်းတန်းနွားပွဲစက်ဘီးကောက် | ၁၂၁၀၀၀၀ | ၆၀၅၀၀၀ |
| ၃ | အုတ်ဖိုမြို့မစက်ဘီးကောက် | ၂၈၉၃၀၀၀၀ | ၁၄၄၆၅၀၀၀ |
| ၄ | အုတ်ဖိုမြို့မယာဉ်ရပ်နားခွန် | ၂၂၀၀၀၀၀ | ၁၁၀၀၀၀၀ |
| ၅ | အိုးသည်ကုန်းမြို့ယာဉ်ရပ်နားခွန် | ၁၁၀၀၀၀၀ | ၅၅၀၀၀၀ |
| ၆ | အုတ်ဖိုမြို့မဈေးရေလောင်းအိမ်သာ | ၄၄၀၀၀၀၀ | ၂၂၀၀၀၀၀ |
| ၇ | အိုးသည်ကုန်းဈေးရေလောင်းအိမ်သာ | ၂၂၀၀၀၀ | ၁၁၀၀၀၀ |

အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် (၁-၄-၂၀၂၆) မှ (၃၁-၃-၂၀၂၇) ထိ

အညီအမျှစနစ်ဖြင့် ရောင်းချမည့် သားသတ်အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး | စားပွဲတင်<br>အာမခံငွေ |
|---|---|---|---|
| ၁ | အုတ်ဖိုအမဲ | ၁၁၃၀၀၀၀၀ | ၅၆၅၀၀၀၀ |
| ၂ | အိုးသည်ကုန်းအမဲ | ၁၆၀၀၀၀၀ | ၈၀၀၀၀၀ |
| ၃ | အေးမြသာယာအမဲ | ၂၃၅၀၀၀၀ | ၁၁၇၅၀၀၀ |
| ၄ | အိုးသည်ကုန်းဝက် | ၅၀၇၅၀၀၀ | ၂၅၃၇၅၀၀ |
| ၅ | အုတ်ဖိုဝက် | ၂၄၅၀၇၀၀၀ | ၁၂၂၅၃၅၀၀ |
| ၆ | လှစင်ဝက် | ၉၆၀၀၀၀ | ၄၈၀၀၀၀ |
| ၇ | တိမ်မြုပ်ဝက် | ၃၃၃၀၀၀၀ | ၁၆၆၅၀၀၀ |
| ၈ | အောက်ကိုင်းဝက် | ၅၇၀၀၀၀ | ၂၈၅၀၀၀ |
| ၉ | အေးမြသာယာဝက် | ၂၈၂၀၀၀၀ | ၁၄၁၀၀၀၀ |
| ၁၀ | အိုင်ကြီးဒေါင့်ဝက် | ၆၂၀၀၀၀ | ၃၁၀၀၀၀ |
| ၁၁ | ဝိုင်းဝက် | ၁၉၅၀၀၀၀ | ၉၇၅၀၀၀ |
| ၁၂ | ကိုင်းကြီးဝက် | ၄၅၅၀၀၀ | ၂၂၇၅၀၀ |
| ၁၃ | ကြို့ကိုးပင်ဝက် | ၇၇၅၀၀၀ | ၃၈၇၅၀၀ |
| ၁၄ | အုတ်ဖိုဆိတ် | ၆၁၀၀၀၀ | ၃၀၅၀၀၀ |
| ၁၅ | အိုးသည်ကုန်းဆိတ် | ၄၅၀၀၀၀ | ၂၂၅၀၀၀ |
| ၁၆ | အေးမြသာယာဆိတ် | ၄၅၀၀၀၀ | ၂၂၅၀၀၀ |

အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် (၁-၄-၂၀၂၆) မှ (၃၁-၃-၂၀၂၇) ထိ

သက်တမ်းတိုးစနစ်ဖြင့် ရောင်းချမည့် အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး | စားပွဲတင်<br>အာမခံငွေ |
|---|---|---|---|
| | **အပေါင်ဆိုင်လိုင်စင်များ** | | |
| ၁ | အေးမြသာယာအပေါင်ဆိုင် | ၉၇၂၀၀၀ | ၄၈၆၀၀၀ |
| ၂ | အုတ်ဖိုရွှေအပေါင်ဆိုင်(၁) | ၁၀၆၅၀၀၀ | ၅၃၂၅၀၀ |
| ၃ | အုတ်ဖိုရွှေအပေါင်ဆိုင်(၂) | ၁၀၆၅၀၀၀ | ၅၃၂၅၀၀ |
| ၄ | အုတ်ဖိုအပေါင်ဆိုင်(၂) | ၉၃၅၀၀၀ | ၄၆၇၅၀၀ |
| ၅ | အုတ်ဖိုအပေါင်ဆိုင်(၃) | ၉၁၉၀၀၀ | ၄၅၉၅၀၀ |
| ၆ | အုတ်ဖိုရွှေအပေါင်ဆိုင်(၃) | ၉၇၇၀၀၀ | ၄၈၈၅၀၀ |
| ၇ | အုတ်ဖိုရွှေအပေါင်ဆိုင်(၄) | ၉၇၇၀၀၀ | ၄၈၈၅၀၀ |
| ၈ | အုတ်ဖိုရွှေအပေါင်ဆိုင်(၅) | ၉၇၇၀၀၀ | ၄၈၈၅၀၀ |
| ၉ | အုတ်ဖိုရွှေအပေါင်ဆိုင်(၆) | ၉၇၇၀၀၀ | ၄၈၈၅၀၀ |
| ၁၀ | အုတ်ဖိုရွှေအပေါင်ဆိုင်(၇) | ၁၀၆၅၀၀၀ | ၅၃၂၅၀၀ |
| ၁၁ | အိုးသည်ကုန်းအပေါင်ဆိုင်(၂) | ၆၄၅၀၀၀ | ၃၂၂၅၀၀ |
| ၁၂ | အိုးသည်ကုန်းအပေါင်ဆိုင်(၃) | ၆၄၅၀၀၀ | ၃၂၂၅၀၀ |
| ၁၃ | အိုးသည်ကုန်းအပေါင်ဆိုင်(၄) | ၆၄၅၀၀၀ | ၃၂၂၅၀၀ |